ရှေးမွန်သဒ္ဒါလေ့လာချက်
(ဘာသာဗေဒ)

# ပါရဂူ ( Ph D ) ဘွဲ့အတွက် တင်သွင်းသောကျမ်း

ဒေါ်သန်းသန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ရှေးမွန်သဒ္ဒါကို ဘာသာဗေဒနည်းဖြင့် လေ့လာဖော်ထုတ်တင်ပြထားသော ကျမ်းဖြစ်ပါသည်။ ရှေးမွန်သဒ္ဒါရှိ အစိတ်အပိုင်းများကို ဝါစဉ်နည်းအရ လေ့လာရာ၌ စကားလုံးအဆင့်အတန်း၊ ပုဒ်အဆင့်အတန်း၊ ဝါကျခွဲအဆင့်အတန်း၊ ဝါကျအဆင့်အတန်းဟူ၍ အဆင့်အတန်း(၄)ခုခွဲ၍ တင်ပြထားပါသည်။ စကားလုံးအဆင့်အတန်းလေ့လာချက်တွင် မြန်မာစကားရှိ စကားရိုး၊ စကားရော၊ စကားပေါင်း များကိုအခြေခံပြီး မွန်ဘာသာစကားရိုး၊ စကားရော၊ စကားပေါင်းများကို ဖော်ထုတ်ထားပါသည်။ သဒ္ဒါစကားလုံးအမျိုးအစားများဖြစ်သော နာမ်၊ ကြိယာ၊ ဝိဘတ် တို့ကို သဒ္ဒါတာဝန်များအလိုက် ဖော်ပြထားပါသည်။ ပုဒ်အဆင့်အတန်းလေ့လာချက်တွင် မွန်ဘာသာစကားရှိ နာမ်ပုဒ်နှင့် ကြိယာပုဒ်များကို အခြေခံပုဒ်နှင့် တိုးချဲ့ပုဒ်များဟူ၍ ခွဲခြားဖော်ထုတ်တင်ပြထားပါသည်။ ဝါကျခွဲအဆင့်အတန်းလေ့လာချက်တွင် အမှီဝါကျခွဲနှင့် သီးခြားဝါကျခွဲတို့၏ ဖွဲ့စည်းပုံစနစ်များကို တင်ပြထားပါသည်။ ဝါကျအဆင့်အတန်းလေ့လာချက်တွင် ဝါကျရိုးနှင့် ဝါကျရောတို့၏ ဖွဲ့စည်းပုံစနစ်များကို ပုံစံများနှင့်တကွ လေ့လာဖော်ထုတ်ထားပါသည်။ မြန်မာသဒ္ဒါနှင့် မွန်သဒ္ဒါကိုလည်း နှိုင်းယှဉ်တင်ပြထားပါသည်။